

# မြသုနန္ဒာကို

# ရွှေအိပ်မက်သို့

## အခန်း(၁)

"ခွမ်း ... ဂလွမ်း"

"ရှင် ... ဘယ်လိုလုပ်လိုက်တာလဲ ... ကိုစိုး။ အဲဒီ ဟင်းက ကလေးတွေတောင် မစား ရဘူး။ ရှင့်အတွက် ဦးဦးဖျားဖျား ချန်ထားရတာ "

"ဘာကွ ... ဒီ ဆီမပါပြားမပါ ဘဲဥဟင်းအစုတ်အနုတ်နဲ့ ငါက ဘယ်လိုလုပ် ထမင်း စားရမှာလဲကွ။ ငါ့ကို ပညာပြတာပေ့ါလေ ဟုတ်လား"

"ဒီဟင်းမစားချင်ရအောင် ရှင်က လစာကို ဘယ်လောက်များ ပြန်အပ်တာမို့လို့တုံး၊ မပြောလိုက်ချင်ဘူး။ ရှင်သောက်တဲ့အရက်ဖိုးက လစာရဲ့ တစ်ဝက်ကျော်သေးတယ်လေ။ ကလေးတွေက မနက်ရော၊ ညနေစာရော ပဲပြုတ်ကြော်နဲ့ပဲစားကြရတာ ။ ကျောင်းသွားရင် လည်း တစ်ခါမှ မုန့်ဖိုးဆိုတာ မပေးခဲ့ဖူးဘူး"

"တော်ကွာ ... နားငြီးတယ်။ ရဲ၀ံ့ ဘယ်ရောက်နေလဲ။ လမ်းထိပ်မှာ ဝက်သားသုတ် သွားဝယ်ခိုင်းလိုက်စမ်း"

"ရှင့်ကိုယ်ရှင် ကလေးတွေရဲ့ အဖေအရင်းလို့ရော ထင်သေးရဲ့လား။ လကုန်ဖို့ တစ် ပတ်လောက်လိုသေးတယ်လေ။ နောက်ရက်တွေ ဆန်ဝယ်ဖို့အတွက်ပဲ ရှိတော့တယ်၊ မပေး နိုင်ဘူး။ ရှင့်ဘာသာရှင် မစားနိုင်ရင်လည်း မစားနဲ့။ ကျုပ်ကလေးတွေကိုတော့ အငတ်မ ထားနိုင်ဘူး"

"တောက် ... ဒီမိန်းမ အသားနာချင်ပြီနဲ့တူတယ်။ ငါ လက်မပါချင် မြန်မြန်သွားဝယ် ခိုင်လိုက်။ ငါရှာကျွေးတဲ့ပိုက်ဆံနဲ့ လူလုပ်နေကြပြီးတော့"

“မပေးဘူး … မပေးဘူး … ကျုပ်လည်း ရှင့်ကို စိတ်ကုန်နေတာကြာပါပြီ။ သတ်ချင် လည်း သတ်လိုက် သေသွားလည်း အေးတာပဲ”

“တောက် … ငါကွာ”

ရဲဝံ့တို့မောင်နှမသုံးယောက် အိမ်အပြင်က ကွပ်ပျစ်လေးမှာ ထိုင်နေကြတာပါ။ ညီ လေးနဲ့ ညီမလေးရဲ့ မျက်နှာလေးတွေလည်း ညှိုးငယ်နေကြပါတယ်။ ဒီအချိန်မှာ ဒီလိုအသံ မျိုးတွေက အမြဲလိုလို ကြားနေရ မြင်နေရတာ ပါ။

စက်ရုံမှာ အလုပ်ဆင်းတဲ့အဖေက လစာထုတ်ရင်တော့ အမေ့ကို လစာအပြည့်ပေး တာပါပဲ။ ပြီးမှ အရက်ဖိုးပြန်တောင်းတာက အမေပြောသလို လစာရဲ့တစ်ဝက်ကျော် လောက် ပြန်ဖြစ်သွားပါတယ်။ စက်ရုံမှာ တစ်နေကုန် အလုပ်ဆင်းရတာ ပင်ပန်းလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ညနေ စက်ရုံကအလုပ်သိမ်းတဲ့အချိနမှာ အဖေ့လိုပဲ ဘဂတူ အလုပ် သမား လေးငါးယောက်က ရပ်ကွက်ထဲက အရက်ဖြူဆိုင်မှာစုပြီး သောက်ကြပါတယ်။

အရက်ဆိုင်ကနေ အိမ်ကိုပြန်ရောက်တဲ့အခိန်မှာ အဖေမူးနေပါပြီ။ ထမင်းစားတဲ့အချိန်၊ ဟင်းမကောင်းရင် အမေနဲ့ အော်ဟစ်ရန်ဖြစ်၊ ပြီးရင် ဟင်းပန်းကန်တွေပါ ပေါက်ခွဲပစ်တာ ထုံးစံပါပဲ။

လဆန်းပိုင်းမှာ ဆီပြန်ဟင်းလေး တစ်ခွက်တော့ အမေက အမြဲချက်ပေးတာမို့ နည်း နည်းတော့ နားအေးရပါတယ်၊ ထမင်းစားပြီး သားသမီးတွေကို အာလေးလျှာလေးနဲ့ ဆုံးမ စကားတွေပြောပြီး အိပ်ရာဝင်သွားပါတော့တယ်။ လကုန်ခါနီး ရက်တွေမှာ ထမင်းကိုတောင် နပ်မှန်အောင် မနည်းစားရတာ မို့ အမေ့ခမျာ အသားဟင်း မချက်နိုင်တော့ပါ။

အဲဒီ အခါမျိုးမှာ အော်ကြ၊ ဟစ်ကြ၊ ဂလုန်း၊ ဂလွမ်းဆိုတဲ့ အသံတွေက လကုန်တဲ့ အထိ နေ့စဉ်ရက်ဆက်လို ဖြစ်နေကျပါ။ မူးနေပြီဖြစ်တဲ့အဖေက ဘာမှ

သိပ်မသိတော့တာမို့ တစ်ခါတလေများ အမေ့ကို ရိုက်တဲ့အထိပါ ဖြစ်သွားတတ်ပါတယ်။ အမေ အရိုက်ခံရတဲ့ အခါမျိုးမှာ မောင်နှမသုံးယောက်စလုံး စိတ်ထိခိုက်စွာ ခံစားကြရပါတယ်။ အဖေ့ကိုလည်း ကြောက်ရတာ မို့ ဘယ်သူမှ ဝင်မပြောရဲကြပါ။

အခုလည်း အမေ့ကို ရိုက်တော့မည့်အသံကြားတာမို့ ရဲဝံ့ မနေနိုင်တော့ပါ။ ကွပ်ပျစ် ပေါ်ကနေထပြီး အိမ်ပေါ်ကို တက်ခဲ့ပါတယ်။

"အမေ ... ကျွန်တော် လမ်းထိပ်မှာ ဝက်သားသုပ်သွားဝယ်လိုက်မယ်။ ဦးလေးကျော် ကို အကြွေးမှတ်ထားဖို့ ပြောလိုက်ပါ့မယ်"

အမေက မျက်ရည်သုတ်နေရာက ဘာမှမပြောတော့ပါ။ ရဲဝံ့ လမ်းထိပ်က ဦးလေး ကျော်ဆိုင်ကို ထွက်ခဲ့ပါတယ်။ ဦးလေးကျော်က ရပ်ကွက်ထဲက မိသားစုတွေအကြောင်း သိပြီးသားမို့ ညည်းညည်းညူညူနဲ့ပဲ ပေးရှာပါတယ်။ ဒီရပ်ကွက်ထဲမှာတော့ ဒီလိုမျိုးမိသားစု တွေပဲ များတာကိုး။

အားတဲ့အချိန်လေးတွေမှာ ဝိုင်းပြီး လုပ်ပေးတတ်တဲ့ ရဲဝံ့ကိုလည်း ခင်တာလည်း ပါပါတယ်။

*

## အခန်း(၂)

"ရဲဝံ့ရာ … ငါ လောကကြီးကို မကျေနပ်ဘူး။ အဆင်မပြေတာတွေက ငါတို့ဆီမှာ ဘာလို့ လာဖြစ်နေရတာ လဲ။ ဒီလိုပဲ အမြဲနေသွားရတော့မှာလား။ ငါတို့မှာ ဘာမျှော်လင့်ချက် မှ မရှိတော့ဘူးလား"

ရပ်ကွက်လေးထဲက ကင်းတဲမှာ သူငယ်ချင်းသုံးယောက် ထိုင်နေကြရင်း နေဦးက ပေါက်ကွဲတဲ့အသံမျိုးနဲ့ ပြောလာပါတယ်။ သူငယ်ချင်းသုံးယောက် ဆုံးတဲ့အချိန်တွေမှာ တစ် ယောက်ကိုတစ်ယောက် ရင်ဖွင့်နေကြပါ။ သုံးယောက်စလုံး ဘဝတူတွေပဲမို့ သူ့အိမ် အကြောင်း၊ ကိုယ့်အိမ်အကြောင်း အားလုံးသိပြီးသားတွေပါ။ တစ်ယောက်က အိမ်ကနေ ပေါက်ကွဲလာရင် ကျန်တဲ့နှစ်ယောက်က အားပေးရ၊ ဖျောင်းဖျရပါတယ်။

အခုလည်း နေဦးတို့အိမ်မှာ နေဦးညီလေးက ကျောင်းမှာ စာရေးဖို့ စာအုပ်ကုန်နေ တာကို ထပ်မဝယ်နိုင်သေးလို့ ကျောင်းမသွားရတာ နှစ်ရက်လောက်ရှိနေပါပြီ။ ညကလည်း သူ့အဖေနဲ့အမေ ရန်ဖြစ်ပြီး သူ့အဖေက မူးမူးနဲ့ထွက်သွားတာ အခုချိန်ထိ အိမ်ကို ပြန်မလာ သေးပါ။ နေဦးမျက်နှာက မျက်မှောင်ကိုလည်း ကုတ်ထားပြီး လက်သီးကိုလည်း တင်းတင်း ဆုပ်ထားပါတယ်။

ရဲဝံ့နဲ့ ဉာဏ်ကြည်လည်း အမြဲခံစားနေရတဲ့ ဝေဒနာမို့ နေဦးရင်ထဲဝင်မကြည့်ဘဲ နား လည်ပြီးသားပါ။ ရဲဝံ့တို့ သူငယ်ချင်းသုံးယောက်မှာ တန်ဖိုးရှိတဲ့ ပိုင်ဆိုင်မှုကတော့ ကြည့် ကောင်းတဲ့ ရုပ်ရည်လေးတွေနဲ့ ဆယ်တန်းအောင်ထားပြီး တက္ကသိုလ်ကျောင်းသားဆိုတဲ့ ဂုဏ်ပုဒ်ပါပဲ။ ရဲဝံ့သူ၊ နေဦးထက်၊ ဉာဏ်ကြည်လင်ဆိုတဲ့ အားမာန်အပြည့်ရှိတဲ့ နာမည်တွေ အတွက်တော့

မိဘတွေကို ကျေးဇူးတင်မိတာ အမှန်ပါ။

ဆယ်တန်းတုန်းက သဘောကောင်းပြီး ကြင်နာတတ်တဲ့ အတန်းပိုင်ဆရာမက ရဲဝံ့ တို့လို ချို့တဲ့တဲ့ ကျောင်းသား၊ ကျောင်းသူဆယ်ယောက်လောက်ကို အိမ်ကိုခေါ်ပြီး စာသင် ပေးတဲ့အတွက် ရဲဝံ့တို့တွေ ဆယ်တန်းအောင်ခဲ့ကြပါတယ်။ ဆရာမရဲ့ကျေးဇူးကြောင့် တက္ကသိုလ်ကျောင်းသားတွေ ဖြစ်လာခဲ့ကြတာပါ။

ရဲဝံ့ နေဦးကို ကြည့်ပြီး ...

"စိတ်လျှော့ပါ ... နေဦးရာ။ မင်းတို့အိမ်က အဆင်မပြေလို့ ငါတို့အိမ်တွေကရော ဘာ များ အဆင်ပြေနေလို့လဲ။ ငါတို့ ဘွဲ့ရတဲ့အထိ အားတင်းထားရမယ်။ ဘွဲ့ရပြီးပြီဆိုရင် ငါတို့ အလုပ်လုပ်လို့ရပြီလေ"

ညဏ်ကြည်လင်ကလည်း ...

"ဟုတ်တယ် ... ဘဝဆိုတာ ဒီအတိုင်းပဲ။ တစ်သမတ်တည်းတော့ မနေပါဘူး။ ငယ် ငယ်တုန်းက ဆင်းရဲခဲ့ကြပြီးမှ ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီးတွေ အနုပညာရှင်ကြီးတွေ ဖြစ် သွားခဲ့ကြတာ မနည်းပါဘူး"

"ငါတို့အသက်တွေ ငယ်ငယ်လေး ရှိပါသေးတယ်။ အခွင့်အရေးတွေ အများကြီးရမှာ ပါ။ ကြိုးစားဖို့ပဲ လိုတာပါကွာ"

ရဲဝံ့နဲ့ ညဏ်ကြည်တို့ အားပေးတာကို နားထောင်ပြီး နေဦးမျက်နှာလည်း လန်းလန်း ဆန်းဆန်း ပြန်ဖြစ်လာပါတယ်။ အားတတ်သွားတဲ့ မျက်နှာမျိုးနဲ့ ...

"ဟုတ်ပါတယ်ကွာ ... ငါလည်း ကိုယ့်ကိုယ်ကိုယ် အားပေးနေရင်းနဲ့ တစ်ခါတစ်ခါ တော့ အားလျော့သွားမိတယ်"

"တက္ကသိုလ်တက်နေရပေမယ့်လည်း ပိုက်ဆံလည်း မသုံးနိုင်တော့ ဘာမှ အဓိပ္ပာယ် မရှိသလိုပဲ"

“သူများတွေ အဝတ်အကောင်းစားတွေ ဝတ်ပြီး ကားအကောင်းစားကြီးတွေကို ကိုယ်တိုင်မောင်းလာကြတာကို ကြည့်ပြီး အားကျမိတယ်ကွာ”

ရဲဝံ့ နေဦးကို ...

“မင်းကလည်း ပြောနေရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် စိတ်မချမ်းမသာဖြစ်မယ့် စကားတွေ ပြောနေပြန်ပါပြီ”

“ပိုက်ဆံတွေ မသုံးနိုင်ပေမယ့် ငါတို့မှာ ထမင်းချိုင့်တစ်ချိုင့်တော့ ပါပါသေးတယ်”

“ငါတို့အရွယ်တွေ တက္ကသိုလ်မတက်နိုင်ဘဲ အလုပ်ကြမ်း လုပ်နေရတဲ့သူတွေ အများ ကြီးပါ။ ကိုယ့်အထက်ကိုမကြည့်ဘဲ ကိုယ့်အောက်ကလူတွေကို ကြည့်ပြီး စိတ်ကိုဖြေစမ်းပါ”

ဉာဏ်ကြည်က ...

“အိမ်ပြန်ကြမယ်ကွာ၊ ငါ အိမ်မှာ ရေဖြည့်ပေးရဦးမယ်။ အမေ မနေ့ကတည်းက ဖြည့် ခိုင်းနေတာ”

ရဲဝံ့ကလည်း ...

“ငါလည်း အဖေ့အဝတ်အစားတွေ လျှော်ပေးရဦးမယ်။ အမေက ခါးနည်းနည်းနာနေ တယ်”

ကင်းတဲပေါ်ကဆင်းပြီး ကိုယ့်အိမ်ကိုယ် အသီးသီး ပြန်ခဲ့ကြပါတယ်။

*

## အခန်း(၃)

ရဲဝံ့ အိမ်ကိုပြန်ရောက်တော့ ညီလေး ဘုန်းဝံ့နဲ့ ညီမလေး သဉ္ဇာတို့က စားပွဲဝိုင်းလေး နဲ့ စာဖတ်နေကြပါပြီ။ တစ်အိမ်လုံး တိတ်ဆိတ်နေလို့ တစ်ခုခုတော့ ဖြစ်ပြီးပြီဆိုတာ သိနေ ပါတယ်။ ဘုန်းဝံ့က ရဲဝံ့ကို လှမ်းကြည့်ပြီး အသံတိုးတိုးလေးနဲ့ ...

"အစ်ကိုကြီး ... အမေနဲ့အမေ ရန်ဖြစ်ပြီး အမေက တစ်အိမ်ကျော်က ဒေါ်ဒေါ်လှတို့ အိမ်ကို ဆင်းသွားပြန်ပြီ"

"အဖေရော"

ဘုန်းဝံ့က အခန်းထဲကို မေးငေါ့ပြလိုက်ပြီး ...

"အိပ်သွားပြီလေ။ ဒီနေ့ စောစောပြန်ရောက်လာပြီး စောစောပဲ ရန်ဖြစ်ကြတယ်"

ရဲဝံ့ စိတ်မညစ်နိုင်တော့ပါ။ ဖြစ်ရိုးဖြစ်စဉ် တစ်ခုလိုဖြစ်နေပြီမို့ ဘုန်းဝံ့ပြောတာကို သဘောကျပြီး ပြုံးမိပါတယ်။

"နှစ်ယောက်လုံး ထမင်းစားပြီးကြပြီလား"

"စားပြီးပြီ ... အစ်ကိုကြီး"

"အေး ... အေး ... အစ်ကိုကြီး အဖေ့အဝတ်တွေ သွားလျှော်လိုက်ဦးမယ်"

"အစ်ကိုကြီး ... ပြီးရင် ကျွန်တော်တို့ကို စာပြပေးဦးနော်"

“အေးပါ … ခဏလေးပဲစောင့်”

ရဲဝံ့ လျှော်မယ့်အဝတ်ခြင်းထဲက အဖေ့အဝတ်တွေကို ယူပြီး အိမ်နောက်ဘက်က ရေတိုင်ကီမှာ လျှော်ဖွပ်ပြီး အဝတ်လှန်းတဲ့တန်းမှာ လှန်းလိုက်ပါတယ်။ မနေ့က ရေတိုင်ကီ နှစ်လုံးကို ရေအပြည့်ဖြည့်ထားပါတယ်။ ရပ်ကွက်ထဲ ပိုက်ဆံရှိတဲ့အိမ်က အဂ်ီစီတွင်းတူး ထားပြီး ရေကုသိုလ်လုပ်ပါတယ်။

ရေလှောင်ကန်အတွင်းမှာ ရှိတဲ့ရေကို ရေပိုက်ခေါင်းကနေ ဖွင့်ချလိုက်ရုံပါပဲ။ ရေ ထမ်းပုံးနှစ်ပုံးနဲ့ တိုင်ကီနှစ်လုံးကို အပြည့်ဖြည့်ပြီးတာနဲ့ နောက်ရက်မှာ အဝတ်တွေကို လျှော်လိုက်ပါတယ်။ ကျောင်းတက်ရင်းနဲ့ အမေ မပင်ပန်းရအောင် ရဲဝံ့လုပ်နိုင်သလောက် အလုပ်တွေကို ဝိုင်းလုပ်ပေးနေတာပါပဲ။

အဝတ်လှန်းပြီး ရေတစ်ခါတည်း ချိုးလိုက်ပါတယ်။ အကျႌဝတ်ပြီး မီးဖိုခန်းထဲက ထမင်းစားပွဲပေါ်က အုပ်ဆောင်းလေးကို ဖွင့်လိုက်တော့ ငါးလေးဟင်းချက်ထားပြီး ကန်စွန်း ရွက်ကြော်ကတစ်ပန်းကန်ပါ။ ဗိုက်ဆာနေတဲ့အချိန်မှာတော့ ဘာဟင်းနဲ့စားစား စားကောင်း နေတာပါပဲ။ ထမင်းတစ်ပန်းကန်မောက်မောက်ထည့်ပြီး အားရပါးရ စားလိုက်ပါတယ်။

ထမင်းစားပြီးတော့ ညီလေးနဲ့ ညီမလေးကို စာပြပေးရပါတယ်။ ကျူရှင်လည်း မတတ်နိုင်တာမို့ ညတိုင်း ရဲဝံ့ပဲ စာပြပေးရပါတယ်။ အခန်းထဲက အဖေ့ရဲ့ဟောက်သံကို ကြားနေရပါတယ်။ ညီမလေးကို အင်္ဂလိပ်စာရှင်းပြနေတုန်း အမေ အိမ်ပေါ်ကို တက်လာပါ တယ်။ အခန်းထဲကို မေးငေါ့ပြပြီး …

“အိပ်သွားပြီလား”

“ဟောက်သံတောင် ပေးနေပြီ။ ဒီအချိန်မှာတော့ ဘယ်သူဘယ်လောက်အော်ပြီး နှိုးနှိုး နည်းနည်းမှတောင် လှုပ်မှာမဟုတ်ဘူး”

“အမေကလည်း နေ့တိုင်းရန်ဖြစ်နေတာကို ဘာလို့ အထူးအဆန်းလုပ်ပြီး သူများအိမ် မှာ သွားနေရတာ လဲ”

“သူတို့အိမ်တွေမှာလည်း သူတို့အိမ်တွင်းရေးတွေ ရှိမှာပေါ့”

အမေကတော့ ရဲဝံ့ပြောတာကို လက်မခံပါ။ မျက်နှာကို ရှုံ့မဲ့မဲ့လုပ်ပြီး ...

“စိတ်ညစ်လွန်းလို့ပါဟယ်၊ မမလှတို့အိမ်က အမေ့ကိုတော့ ကြည်ဖြူပါတယ်၊ သူတို့ အိမ်မှာ ဘာကိစ္စပဲရှိရှိ အမေက ဝိုင်းပြီးလုပ်ပေးနေကျမဟုတ်လား။ ထမင်းလည်း စားခဲ့ပြီးပြီ။ ပြေတီဦးနဲ့ မိုးဟေကိုကား ထိုင်ကြည့်နေတာ။ ဓာတ်ကားလေးကလည်း ကြည့်လို့ကောင်း လိုက်တာဟယ်။ အဲလိုမျိုး အမြဲနေရရင် သေပျော်ပြီလို့တောင် ထင်မိတယ်”

“အမေရယ် ...”

ရဲဝံ့ အမေ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှ မပြောတတ်တော့ပါ။ ဒေါ်ဒေါ်လှရဲ့ အမျိုးသားက ဌာနကြီးတစ်ခုမှာ အရာရှိကြီးတစ်ယောက်ရဲ့ကားကို မောင်းပေးရ တာမို့ ငွေရေးကြေးရေးလေး အထိုက်အလျောက် အဆင်ပြေပါတယ်။ ဒေါ်ဒေါ်လှ ကံအရမ်း ကောင်းတဲ့တစ်ချက်ကတော့ ဒေါ်ဒေါ်လှအမျိုးသားက ရပ်ကွက်ထဲက အိမ်ထောင်ဦးစီးတွေ လို ရှားရှားပါးပါး အရက်သောက်တတ်တဲ့သူ မဟုတ်လို့ပါဘဲ ကလေးနှစ်ယောက်ရှိပြီး အမေက ဘာကိစ္စပဲရှိရှိ သွားဝိုင်းလုပ်ပေးတတ်တာမို့ အမေ့ကို ဒေါ်ဒေါ်လှကလည်း ခင်ပါ တယ်။ အိမ်မှာကတော့ အဆင်မပြေမှုတွေနဲ့ပဲ လုံးချာလည်နေတာမို့ ဒေါ်ဒေါ်လှတို့အိမ်က အမေ့အတွက် စစ်အပန်းဖြေစရာ အိုအေစစ်လေးပေါ့။

*

# အခန်း(၄)

“ဗိုက်ဆာလိုက်တာကွာ … အိမ်ကထွက်လာကတည်းက ဘာမှ မစားခဲ့ရသေးဘူး။ ပိုက်ဆံကလည်း အပြန် ဘတ်စ်ကားခပဲရှိတယ်”

ညဏ်ကြည် ဗိုက်ကိုပွတ်ပြီး ပြောနေတာကို နေဦးက …

“သိပ်လည်း ညည်းပြမနေနဲ့ကွာ။ ငါ လက်ဖက်ရည်တိုက်ပါ့မယ်။ အမေတို့ရွာက ကြီး တော်တစ်ဝမ်းကွဲ ရန်ကုန်ကို ဘုရားဖူးလာသွားကြတာ ငါတို့မောင်နှမ နှစ်ယောက်ကို မုန့်ဖိုး ငါးထောင်ဆီ ပေးသွားကြတယ်”

သူတို့ကို လက်ဖက်ရည်တိုက်မယ်ပြောလို့ ညဏ်ကြည်ရဲ့မျက်နှာက အရမ်းဝင်းပ သွားပြီးတော့ …

“ဟာ … မင်းကလည်း စောစောကတည်းကပြောတာ မဟုတ်ဘူး။ ဒါဆို လက်ဖက် ရည်တင်မကဘူး၊ မုန့်ပါ စားလို့ရတယ်။ အိမ်မှာ အဖေနဲ့အမေ ရန်ဖြစ်ပြီး အမေက မြောက် ဒဂုံက သူ့အစ်မဝမ်းကွဲအိမ်မှာ သွားနေတာ နှစ်ရက်ရှိသွားပြီကွ”

“ငါ့ညီမလေးလည်း စိတ်ညစ်လို့ဆိုပြီး ကျောင်းမသွားဘူး။ ငါက မင်းတို့နဲ့တွေ့ချင်လို့ ထွက်လာခဲ့တာ။ အမေမရှိတော့ မနက်စောစော ထမင်းထချက်မယ့်သူ မရှိဘူးလေ။ အဖေ လည်း နည်းနည်းတော့ ငြိမ်သွားတယ်”

“ညီမလေးက ထမင်းချက်ထားမယ်။ စောစောပြန်လာခဲ့ဖို့ ပြောလိုက်တယ်”

ရဲဝံ့နဲ့ နေဦးတို့ ညဏ်ကြည်ပြောတာကို နားထောင်ပြီး

စိတ်မကောင်းဖြစ်မိကြပါ တယ်။ မိမိတို့အိမ်တွေမှာလည်း အခြအနေချင်းက အတူတူမို့ ဘာမှလည်း မပြောလိုတော့ ပါ။ ဉာဏ်ကြည်က ညီမလေးတစ်ယောက်ရှိပြီး နေဦးကတော့ ညီလေးတစ်ယောက်ရှိပါ တယ်။

လက်ဖက်ရည်ဆိုင်ကိုသွားဖို့ ထိုင်နေတဲ့ခုံတန်းက ထလိုက်ကြတဲ့အချိန်မှာ ...

"ဟော့ ... ဘယ်သွားကြမလို့လဲ"

သုံးယောက်စလုံး လှည့်ကြည့်လိုက်ကြတော့ ရူပကာနဲ့ စံပယ်တို့နှစ်ယောက်ပါ။ လက်ထဲမှာလည်း စတီးသုံးဆင့်ချိုင့်လေးတွေ ကိုင်ထားပြီး ရဲဝံ့တို့နား ရောက်လာကြပါ တယ်။

ဉာဏ်ကြည်က ရူပကာတို့လက်ထဲက စတီးချိုင့်တွေကို ကြည့်ပြီး ...

"ဗိုက်ဆာနေတာနဲ့ အတော်ပဲ။ ငါတို့ကို ထမင်းလာကျွေးတာလား"

ရူပကာက လက်ထဲကချိုင့်ကို မြှောက်ပြပြီး ...

"ဒီနေ့ ဟင်းကောင်းတယ်လေ၊ နင်တို့ကိုပါ ကျွေးချင်လို့ ဒီနေရာမှာပဲ ထိုင်နေကြမှာ ဆိုပြီး ထွက်လာခဲ့ကြတာ"

စံပယ်ကလည်း ...

"ငါတို့မှာ ဟင်းကောင်းကောင်းလေး ထည့်လာရင် မျိုမကျဘူး။ နင်တို့ကိုပါ ကျွေးချင် နေတော့တာ၊ အရင်ဘဂက နင်တို့ အကြွေးတွေများ ယူထားသလား မသိပါဘူး"

စံပယ်ပြောတာကို အားလုံး သဘောကျပြီး ရယ်လိုက်ကြမိပါတယ်။ နေဦးက စံပယ် ကို ...

"နင်ကလည်း စေတနာထားရင်လည်း ပြည့်ပြည့်ဂဂ ထားလိုက်ပါဟာ။ ပိုပြီး ကုသိုလ် ရတာ ပေ့ါ။ ငါလည်း လက်ဖက်ရည်တိုက်မလို့ပါ။ ဒါဆို

ထမင်းစားပြီးမှ သွားကြတာပေ့ါ”

ထမင်းချိုင့်တွေဖွင့်ပြီး တစ်ယောက်တစ်လှည့် စားလိုက်ကြတာ ခဏလေးနဲ့ ကုန် သွားပါတော့တယ်။ ရူပကာနဲ့ စံပယ်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး ရူပကာက ...

“အမယ်လေး ... မြန်လိုက်ကြတာ။ ငါနဲ့စံပယ် နှစ်ယောက်စားရင် တော်တော်နဲ့ကို မပြီးနိုင်ကြဘူး။ စကားလေးပြောလိုက်၊ စားလိုက်နဲ့ဆိုတော့”

နေဦးက ...

“ဗိုက်ဆာနေတယ်လို့ ပြောသားပဲ။ နောက်ဆို နင်တို့နှစ်ယောက်တည်း မကုန်ရင် ငါတို့ဆီလာခဲ့။ ငါတို့ ဝိုင်းစားပေးမယ်။ ဘာမှ အားမနာနဲ့”

ရူပကာက နေဦးကို မျက်စောင်းထိုးလိုက်ပြီး ...

“အံမယ် ... ကျွေးလည်းကျွေးရသေးတယ်။ သူတို့ကိုပဲ ကျေးဇူးတင်ရဦးမယ့်ပုံနဲ့”

ရဲဝံ့တို့ ရူပကာပြောတာကို သဘောကျပြီး ရယ်လိုက်ကြပါတယ်။ ရူပကာက ရဲဝံ့ တို့ရပ်ကွက်ထဲကို မဝင်ခင် လမ်းထိပ်နားမှာ နှစ်ထပ်တိုက်လေးနဲ့ နေကြပါတယ်။ အိမ်မှာ စတိုးဆိုင်ဖွင့်ထားပြီး သမီးလေးတစ်ယောက်တည်းရှိတာမို့ စီးပွားရေးကတော့ အဆင်ပြေပါ တယ်။

ရူပကာတို့အဖေက အေးဆေးပြီး သဘောကောင်းပေမယ့် အမေကတော့ အဆင့် အတန်း ခွဲချင်ပါတယ်။ ရပ်ကွက်ထဲကလူတွေ သွားဝယ်ရင် အကြွေးမရောင်းဘူးနော်ဆိုတဲ့ စကားကို အရင်ဆုံးပြောလေ့ရှိပါတယ်။ သူတို့ စတိုးဆိုင်ထဲက မဝယ်ဘဲနဲ့ ပြန်ထွက်သွား ရင်လည်း နောက်ကနေ မြည်တွန်တောက်တီးပြီး ကျန်ခဲ့ပါတယ်။

ရဲဝံ့တို့ တက္ကသိုလ်တက်နေတာကိုပဲ အံ့သြလိုက်တာဆိုတဲ့ အကြည့်မျိုးနဲ့

အမြဲကြည့် တတ်ပါတယ်။ ရူပကာနဲ့ကတော့ အထက်တန်းကျောင်း တစ်ကျောင်းတည်း အတူတက်ခဲ့ ကြပြီး။ ရူပကာကတော့ ရဲဝံ့တို့သုံးယောက်ကို အဆင့်အတန်းမခွဲခြားဘဲ ခင်ရှာပါတယ်။

စံပယ်ကတော့ ရူပကာကနေတစ်ဆင့် ရင်းနှီးခဲ့ကြပြီး အခုအချိန်မှာတော့ အရမ်းခင် တဲ့ သူငယ်ချင်းတွေလို ဖြစ်နေပါပြီ။ စံပယ်တို့က တောင်ဒဂုံမှာနေပြီး အဖေနဲ့အမေက ဝန်ထမ်းတွေမို့ အေးအေးဆေးဆေး အခြေမျိုးပါပဲ။ စံပယ့်မှာတော့ မောင်လေးတစ်ယောက် ရှိပါတယ်။

ရူပကာနဲ့စံပယ် နှစ်ယောက်စလုံး တူညီတဲ့အချက်ကတော့ ရဲဝံ့တို့ကို နားလည်မှုရှိပြီး ရဲဝံ့တို့ရဲ့ ရုန်းကန်နေရတဲ့ဘဝကို စာနာစိတ်နဲ့ အားပေးကြပါတယ်။ မေဂျာချင်းတူပေမယ့် တက်ရတဲ့ အတန်းချင်း မတူကြတဲ့အတွက် တတွဲတွဲနဲ့တော့ မနေဖြစ်ကြပါ။ သူတို့ထမင်း ချိုင့်ထဲမှာ ဟင်းကောင်းတဲ့နေ့ကျရင် ရဲဝံ့တို့ထိုင်နေကျ ခုံတန်းဆီကိုလာရှာပြီး ထမင်းအတူ တူ စားကြပါတယ်။

လက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့ကြပြီးတော့ လက်ဖက်ရည်သောက်ရင်း စကားတွေ ဆူညံနေအောင် ပြောဖြစ်ကြပါတယ်။ ဒီလိုအချိန်တွေကတော့ စိတ်ချမ်းသာဖို့ ကောင်းတယ် လို့ ရဲဝံ့ ထင်မိပါတယ်။

*